**ကရင်နီပြည်နယ်နှင့် ကရင်နီသမိုင်းတစ်စိပ်တစ်ပိုင်း**

ကရင်နီဖွားပေါက်ဖေါ်ဆွေမျိုးနွယ်စုများအား ကရင်နီပြည်နယ်အကြောင်း ကျနော်တွေ့ရှိခံစားခဲ့သော အကြောင်း များ လေ့လာဖတ်ကြားဘူးသည့် အကြောင်းများနှင့်ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ ဘူးသော ကြောင်းများကို ရေးသားခဲ့ခြင်း ဖြစ်သည်။

ဤစာရေးသားရခြင်းသည် လူတဦးတယောက်၊ တဖွဲ့တစည်းအတွက်နာစေခြင်း၊ သာစေခြင်း ရည်ရွယ်ချက် တစုံတရာကို ဝေဖန်ရေးသား ခြင်းမျိုးမဟုတ်ဘဲ အတိတ်ဟောင်းကာလတွင် ဖြစ်ပျက်ခဲ့သည့် ခါးသီးခံခဲ့သည့် ဖြစ်ရပ် နှင့် စပ်လျဉ်း၍ သင်ခန်းစာတရပ်အနေဖြင့် ကောက်ချက်ချမှတ်နိုင်ခဲ့သော် မျိုးနွယ်စုတစုလုံး၏ ချွတ်ချော်ခဲ့သော အမှားအယွင်း သို့တည်းမဟုတ် မှန်ကန်မှုတမှု မည်ရွေ့၊ မည်မျှ ဖြစ်ခဲ့သည်များကို အနာဂတ် လူငယ်များအကျိုးအတွက် ဖြစ်ထွန်း နိုင်မည်လောဟု ရည်ရွယ်ခြင်းဖြင့်သာ ဤစာကို ရေးသားခြင်း ဖြစ်ပါသည်။

ဤစာသည် အားလုံးအတွက်မှန်သည်ဟု မယုံကြည်ပါ။ ကျနော်၏ သက်ရှင်ကာလတွင် ကြုံတွေ့ခံစားရခဲ့သော အဖြစ်အပျက်နှင့် ဖတ်ရှုမှတ်သားခဲ့သော မှတ်တမ်းများနှင့်စုံစမ်းမေးမြန်း၍ သိရှိခဲ့သော အကြောင်းမှုဖြင့်ရေးသားခြင်း ဖြစ်ပါသည်။

၂၀ Nan Sein
ဖူးကယန်း

**ကရင်နီပြည်နယ်ကို ဘယ်သူက လွတ်လပ်ရေးပေးခဲ့ပါသလဲ။**
( Who grand the independent to Karenni)

၁။ (က) ကရင်နီပြည်နယ်သည် မိမိထီးမိမိနန်းဖြင့် ရပ်တည်လာခဲ့ရာမှ ၁၈၈၈ ခုနှစ်၊ မတ်လ (၃၀)ရက် နေ့တွင် ဗြိတိသျှနှင့် တိုက်ခိုက်ပြီးနောက် ဆက်လက်တိုက်ခိုက်မည့်အစား (၁၈၈၉) ခုနှစ်၊ ဇန်နာဝါရီ (၂၈)ရက်နေ့တွင် ကရင်နီအကြီးအကဲနှင့်ဆွေးနွေးပြီး စောလဝီအား စစ်လျော်ကြေးအဖြစ် ရူပီငွေ (၂၀၀၀၀၀) နှစ်သိန်းနှင့် လက်နက်အလက် (၅၀၀)ပေးရန် အပြင် နှစ်စဉ်ရူပီငွေ (၅၀၀) ဆက်သ ရမည်ဟု ဗြိတိသျှတောင်းဆိုချက်ကို သဘောတူ လက်မှတ် ရေးထိုးခဲ့ကြောင်း ဖတ်ရှုခဲ့ပါသည်။

ထိုကဲ့သို့ သဘောတူလက်မှတ်ရေးထိုးခဲ့သည့်အပြင် အင်္ဂလိပ်သဘောတူညီမှု ခွင့်ပြုချက် မရရှိဘဲဘာ မလုပ် ကိုင်သွားလာခြင်းမရှိရဟု တားမြစ်ခဲ့ခြင်းနှင့် အင်္ဂလိပ် လိုလား တောင်းဆိုချက်များကို လိုက်နာရမည် ဟူသော စည်းကမ်းချက် (၁၂) ချက်ပါသော ဂတိ ကိုလည်း ပေးခဲ့ရပါသည်။

(ခ) တဖန်နောက်ကရင်နီဖြစ်သော ကြယ်ဖိုးကြီးနယ်စောဖျာကေးဖိုးဒူသည် သက္ကရစ် ၁၈၅၇ ခုနှစ်၊ ဇန်နဝါရီ (၁၆) ရက်နေ့စွဲဖြင့် မဟာမိတ်အဖြစ် အင်္ဂလိပ်နှင့် ချစ်ကြည်ရေး အထိန်းအမှတ်တရပ် (Fraternity between Kyaponga and Kyapogyee) စသည့်ဖြင့် စာတွင်ရေးသား ဖေါ်ပြချက်များတွေ့ရှိခဲ့ပါသည်။

ထိုသို့သော မှတ်တမ်းများ ဖတ်ရှုရခဲ့ပါသော်လည်း ၁၈၉၂ ခုနှစ်၊ ဇန္နဝါရီလ (၂၄)ရက်နေ့တွင် လှိုင်ကော်လာပြီး အရှေ့နှင့်နောက်ကရင်နီမှ စောဖျာများအား ရှမ်းပြည်နယ်ရှိ အုပ်ချုပ်ရေးအရာရှိအား နှစ်စဉ် ရူပီငွေ (၁၀၀) ကို အင်္ဂလိပ်အုပ်ချုပ်ရေး အရာရှိထံ နှစ်စဉ်ကြေး အဖြစ် ပေးအပ်ရန်အမိန့် စာထုတ် ပြန်ခဲ့သည့်အပြင် တားမြစ်ချက် အမျိုးမျိုးကိုလည်း ပြုလုပ်လာ ခဲ့ကြောင်; (British annexation) တွင်ပါရှိခဲ့ပါသည်။

ထို့အပြင် ၁၈၇၅ ခု၊ဇွန်လ (၂၁)ရက်နေ့နေ့စွဲဖြင့် Sir Douglar Porsyth C.B.K.C.S.၏ နှင့် ကင်းဝန်မင်းကြီး နှစ်ဦးသဘောတူစာချုပ်လည်းဖတ်ရှုရခဲ့ပါသည်။ ဖေါ်ပြပါ စာချုပ်နှင့် မဟာမိတ် စာများအရ ကရင်နီပြည် လွတ်လပ်သော ပြည်နယ် တခုဟု ဆိုရမည်လော အဓိက ခြုံငုံကြည့်ခဲ့သော် နောက်ဆုံး (၁၉၄၆)ခုနှစ်တွင် မြန်မာပြည် လွတ်လပ်ရေးကိစ္စများ သွားလာဆောင်ရွက်သည့်ကာလတွင် ကရင်နီ ခေါင်းဆောင် များ ရန်ကုန်သွား၍ မြန်မာခေါင်းဆောင်များနှင့် သွားရောက် တွေ့ဆုံရေးကိစ္စတွင် ဗြိတိသျှအစိုးရက ဗြိတိသျှအစိုးရမှ ခွင့်ပြုချက်မရဘဲ သွားလာခြင်း မပြုရဟု တားမြစ် ပိတ်ပင်မှုအမျိုးမျိုး ရှိခဲ့ ပါသည်။

သို့ဖြစ်ရာ ကျနော်တို့ကရင်နီပြည်သည် လွတ်လပ်သည့် ပြည်နယ်တပြည်ဟု ပြောဆိုရန် အားနည်းချက်များ ရှိလျှက်နေကြောင်းရှုမြင်သုံးသပ်ရခဲ့ပါသည်။ ကရင်နီပြည်နယ်ရှေးသမိုင်းအရ ဗြိတိသျှ မြန်မာပြည်ကို ဝင်ရောက်သိမ်းပိုက်ခြင်းမပြုမှီ ကာလတွင် ကရင်နီနယ်(၉)နယ်ရှိပြီး တောင်စား မင်း(၉)မင်းတို့အား ဗမာဘုရင်မင်းနှင့် အဆက်အသွယ်မိတ်သဟာဖွဲ့ကြ၍ မြန်မာမင်းတို့သည် ကရင်နီတောင်စားမင်းတို့ကို အောက်ပါဘွဲ့တံဆိပ်အသိအမှတ် ပြုသည်များရှိခဲ့ကြောင်း။

သို့ရာတွင် ဗြိတိသျှမှ ကရင်နီနယ်ကို လွှမ်းမိုးပြီးနောက်ပိုင်း၌ မိတ်သဟာ ဖွဲ့ခြင်း၏ အနေအထားသည် အရေးပါအရာရောက်မှု အားနည်းသွား စေခဲ့သည်ဟုလည်း သုံးသပ်ပါသည်။ မြန်မာဘုရင်များမှ ကရင်နီမင်းအား ချီးမြင့်ခဲ့သောတံဆိပ်များနှင့် ဘွဲ့အမည်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

သက္ကရဇ် – ၁၈၈၉ ခုနှစ်၊ ဇန္နဝါရီလ (၁) ရက်နေ့ ဗြိတိသျှ ကရင်နီကို မလွှမ်းမိုးမှီ ကရင်နီစောဖျာ တောင်စားမင်း တို့သည် မြန်မာအစိုးရမင်းများနှင့် အပြန်အလှန် အသိအမှတ်ပြုလုပ်ကြသည့် အမှတ်တံဆိပ် ဘွဲ့အမည်နှင့် ခုနှစ် သက္ကရဇ်မှာ အောက်ပါ အတိုင်း ဖြစ်သည်။

## ၂။ ကရင်နီအမျိုးသားများပညာရေး

ကရင်နီဖွားမျိုးနွယ်စုများတို့သည် ရှေးပဝေသဏီ ခေတ်အဆက်ဆက်မှ အုပ်စိုးလာခဲ့သော ခေါင်းဆောင်စောဖျာများတို့သည် ပြည်သူပြည်သားများအား ပညာရေးအတွက်ဆောင်ရွက်ပေးသည့် စီမံမှု အလျဉ်းမရှိကြောင်း တွေ့ရှိရပါသည်။ ကျနော်ကြုံတွေ့ရသည့် ခေတ်တလျှောက် ၁၉၆၄ ခုနှစ်အထိ ကရင်နီနယ်သားများ သည် အထက်တန်းအထိပညာဆည်းပူးခဲ့သူ တဦးတယောက်မျှ မရှိသည် များတွေ့ ကြုံရပါသည်။ တစ်ဦးတစ်လေ ရှိခဲ့လျှင်လည်း ပြည်နယ်အုပ်ချုပ်သောအစိုးရမင်းမှ ပညာရေး စီမံကိန်းဖြင့် ပညာဆည်းပူးရရှိခဲ့သောကြောင့်မဟုတ်ဘဲ သာသနာပြု ကျောင်းကျေးဇူးကြောင့်သာ ပညာရရှိကြမည့်သူသာ ဖြစ်ပါသည်။

သို့ရာတွင် နယ်ရှင် စော်ဘွားများသားသမီး များအတွက်ဟူ၍ တောင်ကြီး မြို့တွင် ကျောင်းဖွင့်လစ် စီမံပေးပြီး ထိုကျောင်းသို့ အရပ်သူအရပ်သား များတက် ရောက် သင်ကြား ဆည်းပူးရန် လည်း အခွင့်အရေးမရှိခဲ့သည်များ ကြုံတွေ့ရပါသည်။

ထိုကာလတွင် ကရင်နီပြည်နယ်တနယ်လုံးတွင် ကျောင်းဟုဆိုသော စာသင်ကျောင်း တကျောင်းလွိုင်ကော်မြို့တွင် ဖွင့်လှစ်ပေးခဲ့သည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ပြီးပြည့်စုံသော ကျောင်းအဆင့်မျိုး မဟုတ်သည်ကိုလည်း မြင်တွေ့ရခဲ့ပါသည်။

အထက်ဖော်ပြခဲ့သော ပညာရေးစနစ်စီမံမှုမရှိသောကြောင့် ပညာဆည်းပူး လိုသော သူများသည် သာသနာပြုကျောင်းနှင့်ဗုဒ္ဓရဟန်းကျောင်းသို့သွားရောက်ပညာဆည်းပူးကြသဖြင့်မူလတန်းပညာတတ်မြောက်လာခဲ့သော ကရင်နီ အမျိုးသားသမီးတချို့တလေသာရှိပါသည်။

အဓိကကျသော ပညာရေးသည် ခေတ်အဆက်ဆက်မှ အားနည်းလာမှု ကြောင့် ယခုထိတိုင် ကျနော်တို့ကရင်နီမျိုးနွယ်စုဖွါး တိုင်းရင်းသားများတို့သည် အများတကာထက် နှစ်ပေါင်းများစွာ နောက်ကျကျန်ရစ်ခဲ့သည်များ ကြုံတွေ့ရပါ သဖြင့် ဝမ်းနည်းစရာ အကြောင်းတရပ် ဖြစ်စေခဲ့ပါသည်။

## ၃။ မျိုးနွယ်စုလူမှုရေးနှင့် စီးပွါးရေး၊ နိုင်ငံရေး

ကျနော်တို့ကရင်နီမျိုးနွယ်စုတိုင်းရင်းသားများသည် အခြေခံအကျဆုံးဖြစ်သော ပညာရေးတွင် အနောက်ကျအညံ့ဆုံးဖြစ်ခဲ့ရသောကြောင့် မျိုးနွယ်စု၏ စီးပွါးရေး၊ လူမှုရေး၊ နိုင်ငံရေးများတွင်လည်း အခြားသောသူများထက် နှစ်ပေါင်း (၆၀)ကျော်ခန့် နောက်ကျ ကျန်ရစ်နေခဲ့သည်များ ကြုံတွေ့ခံစား ရပါသဖြင့် ဝမ်းနည်းမဆုံး ဖြစ်မိခဲ့ရပါကြောင်း။

## ၄။ ကရင်နီပြည်နယ်အတွင်းနိုင်ငံရေးစတင်နိုးကြားရှုပ်ထွေးလာမှု။

ကရင်နီပြည်နယ်သူ/သားများတို့သည် ပညာရေးအားနည်းမှုကြောင့် အစစ အရာရာတွင် အများတကာ၏ နောက်တွင်ကျန်ရစ်ခဲ့ပါသည်။ သို့သော် ၁၉၄၆ ခုနှစ်တွင် ကန္တရဝတီစောဖျာ နန်းဆက်ခံရန် မဟာဒေဝီ၏သား စောဖိုးနရသင့်ရထိုက်ကြောင်း အဆိုပြုသူတဖွဲ့နှင့် စောလဝီ ရသင့်ရထိုက်ကြောင်း အဆိုပြုသူတို့ကတဖွဲ့ ထိုနှစ်ဖွဲ့၏ ဆန္ဒခံယူရန် ရွေးကောက်ပွဲတရပ်ပြုလုပ်ခဲ့ရာ စောဖိုးနသည် ဆန္ဒမဲအများဆုံးရရှိခဲ့၍ စောဖိုးနက နန်းအရိုပ်အရာဆက်ခံရမည်ဟု အများကယုံကြည်ကြပါသည်။

သို့ရာတွင် ဦးစိန်က ဤဆန္ဒခံယူပွဲသည် နိုင်ငံရေးပရောဂ မကင်းကြောင်းဟု စွတ်စွဲ၍ စပ်လဝီ က နန်းအရိပ်အရာ ရသင့်သူအဖြစ် ငြင်းပွါးမှုတရပ်ဖြစ်ပွါးလာခဲ့မှုကြောင့် ကရင်နီအမျိုးသားတို့သည် နိုင်ငံရေးစတင်နိုးကြားခဲ့ခြင်း တရပ်စတင်ဖြစ်ပေါ်စေခဲ့သည်ကို မြင်တွေ့ဖူးခဲ့ပါသည်။

တဖန် ၁၉၄၄ခုနှစ် နိုဝင်ဘာလ(၂၃)ရက်နေ့တွင် တကြိမ်နှင့် ၁၉၄၄ခုနှစ် ဒီဇင်ဘာလ(၂၄)ရက်နေ့တွင် တစ်ကြိမ် ဗိုလ်ချုပ်အောင်ဆန်းလာရောက်ပြီး မြန်မာပြည် လွတ်လပ်ရေးတောင်းဆိုသည့် အကြောင်းနှင့် ကရင်နီပြည်နယ်တွင် တွင်းထွက်ပစ္စည်း အများအပြားရှိခဲ့ပါသော်လည်း ကရင်နီပြည်သူ သားများတို့သည် မခံစားရခဲ့သည့် အကြောင်းဟောကြားသဖြင့် ကရင်နီပြည်နယ်သူ –သားများတို့သည် ပို၍ပို၍ နိုင်ငံရေး စိတ်ဓါတ် တက်ကြွမှုဖြစ်စေခဲ့သည်များကို ကြုံတွေ့ရခဲ့ပါသည်။

## ၅။ ကရင်နီအမျိုးသားစီးပွါးရေး

၁၉၄၂ ခုနှစ်တွင် ဖက်စစ်ဂျပန်က မြန်မာပြည်လုံးကို ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ခဲ့ခြင်း ခံရခဲ့ရာတွင် ကရင်နီနယ်လည်း ပါဝင်ပါသည်။ ထိုအချိန်ကာလတွင် ကရင်နီပြည်လွိုင်ကော်မြို့ကိုလည်း ဂျပန်က ပြင်းထန်စွာ ဗုံးကြဲတိုက်ခိုက်မှုဒဏ်ကြောင့် လွိုင်ကော်မြို့သည် ပျက်ဆီးဆုံးရှုံးမှု ကြီးမားလျှက် ရှိခဲ့သည်။

ဖက်ဆစ်ဂျပန်မြန်မာပြည်တပြည်လုံး သိမ်းယူခဲ့သောကြောင့် ဗြိတိသျှအစိုးရ စစ်တပ်သည် အိန္ဒိယပြည်အင်ဖေါင်း(၅) (၅–INFAR ) ဘက်သို့ဆုတ်ခွာပြီး အင်းဖါးတွင် စစ်တပ်အင်အားဖြည့်စည်းပြီး ၁၉၄၅ ခုနှစ်ဦးစတွင် မြန်မာပြည်သို့ ပြန်လည် ထိုးစစ်ဆင်နွဲခဲ့ရာမှ တပ်ရင်း(၁၃၆) ( force ၁၃၆) လေထီးတပ်မှ စစ်ဗိုလ်မှူးကြီး ကာနာထူးလော့ ဦးဆောင်ခဲ့သော တပ်သည် ကရင်နီနယ်လွိုင်နန်းဖနင့် အချို့တို့မှာ ဟိုယာ၊ ယာဒို၊ ဝါရီ၊ ဒေါ်ရောက်ခူ စသော နေရာဒေသတွင်း လူရောစစ်လက်နက်ပစ္စည်းပါ လေထီးဖြင့် ဆင်းလျှက် ကရင်နီပြည်သူအား လက်နက်တပ်ဆင်ပေးပြီး ဂျပန်အားတန်ပြန် စစ်ဆင်တိုက်ခိုက် ပေးခဲ့ပါသည်။ ထိုအချိန် ဝါရီရွာအနီးတွင် ယာယီလေယာဉ်ကွင်းငယ် တခုပြုလုပ်ပြီး အရေးကြီး

စစ်ပစ္စည်းအသုံးအဆောင် များနှင့် တိုက်ပွဲတွင်ထိခိုက်ဒဏ်ရာရသော ရဲဘော်များအား ( ၅–INFAR ) သို့ ဆေးကုသရန် ကြိုပို့ပေးခဲ့ပါသည်။

ထိုကာလတွင် အမှတ် (၁၃၆)သည် ဖါလိုင် (ဝါရီ)ရွာတွင် ဌာနချုပ်ဖွင့်လှစ်ခဲ့ပြီး (၁၉၄၅) ခုနှစ် ဩဂုတ်လ (၂၈)အထိ တည်ရှိခဲ့သည်။ ဂျပန်နှင့် ဆင်နွှဲခဲ့သော စစ်ပွဲပြီးဆုံးခဲ့ရာ ၁၉၄၅ ခုနှစ် စက်တင်ဘာလလယ်တွင် စစ်အောင်ပွဲအထိမ်းအမှတ်တရအဖြစ်ဖါလို (ဝါရီ)ရွာတွင် ကျွဲ(၄)ကောင် နွား(၄)ကောင်နှင့် ဝက်(၂)ကောင်ကို သတ်ပြီး အခမ်းအနား တရပ် ဆုံတွေ့ စားသောက်ခြင်းနှင့် အနီးအနားရှိကျေးရွာများလည်း ထိုအခမ်းအနားတရပ် ဆုံတွေ့ စားသောက်ခြင်းနှင့် အနီးအနားရှိကျေးရွာများလည်း ထိုအခမ်းအနားသို့ လာရန် ဖိတ်ခေါ် ခဲ့ပါသည်။

ထိုအခမ်းအနားတွင် အမှတ်(၁) စစ်စုံနယ်မြေမှ အမျိုးသားခေါင်းဆောင် သိုင်းဘဟန်အား ( MBE ) Member of British Empire ဂုဏ်ပြု ချီးမြှင့်ပေးခဲ့ပါသည်။ အဆိုပါ ကာလ၌ ဗြိတိသျှဘက်မှနေ၍ ကူညီတိုက်ပွဲတွင် ပါဝင်ခဲ့သော ခေါင်းဆောင်များမှာ (၁) သိုင်းဘဟန် (၂) ဦးဘီတူရီ (၃) စောဝ**ၵ** (၄) စောရွှေ (၅) ဦးမြလေးနှင့် ပျောက်ကျားတပ်ဝင် လူ(၅၀၀၀) အင်အားကြောင့်အောင်ပွဲနိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

ထိုနေ့တွင်ပင် ဗြိတိသျှခေါင်းဆောင်မှ (Heaven Guid our light ) ကဗျည်းထိုး ထားသော ဒိုင်းတခုကို အမှတ်တရ ပေးအပ်ခဲ့ပါသည်။ ထိုကဗျည်းတွင်ပါသော စာသားအစုံမှာ (To the honour and glory of the Karen and of the otter area who laid down their liver for the king and country in the fight against Tyranny and aggression.

(As tho going down of the sun and in the morning we will remember them) ဟု ပါရှိပါသည်။ ဗြိတိသျှဘက်မှ ပါဝင်ပြီး ၎င်းတို့၏ ရန်သူဂျပန်ကို ဆုံးခန်းတိုင် အထိ တိုက်ခိုက်ပေးမှုကြောင့်စစ်ပြီးလျှင် ကရင်နီပြည်ပြန်လည်ထူထောင်ရန်အတွက် ကူညီပေးမည်ဟု ဂတိပေးခဲ့ကြောင်း။

သို့ရာတွင် စစ်ပြီးဆုံးသောအခါ ဗြိတိသျှအစိုးရသည် အမျိုးမျိုးသော နိုင်ငံရေး ပရောဂကြောင့် ဂတိပျက်ကွက်သဖြင့် ကရင်နီပြည်ခေါင်းဆောင်များသည် မိမိပြည်နယ်သည် စီးပွါးရေးအရ အောက်ဆုံးအဆင့်တွင်ရှိ၍ ကိုယ်ထူကိုယ်ထစနစ်ဖြင့် စုပေါင်းသမဝါယမထူထောင်ရန် ကြိုးစားအားထုတ်ခဲ့ရာမှ (K.C.S) ကရင်နီ သမဝါယမ ဆိုင်တဆိုင်တည်ထောင်ဖွဲ့စည်းနိုင်ခဲ့ပါသည်။ ထိုသမဝါယမဆိုင်ကို ဦးစိန်အား ဥက္ကဌ အဖြစ် ရွေးချယ်တာဝန်ပေးခဲ့ပါသည်။ သို့ရာတွင် နောက်ပိုင်းတွင်ဦးစိန်သည် နိုင်ငံရေးနှင့် မကင်းမရှင်းဖြစ်သည်ဟုဆိုပြီး ၎င်းအားငါးကျပ်သား ရွှေတံဆိပ်တခု ဖြစ်နှစ်သိမ့်ပြီး ဦးစိန်အား ရပ်နားစေခဲ့ကြောင်း မှတ်မိခဲ့ပါသည်။

အဆိုပါ (K.C.S) သမဝါယမဆိုင်သည် အခြေခံအနေကောင်းမွန်တိုးတက်လျှက် ရှိခဲ့ သော်လည်း နောက်ပိုင်းတွင် ပြည်တွင်းစစ်ဘေးစစ်ဒဏ်ကြောင့် လုံးဝဆုံးရှုံးမှုတရပ်နှင့် ရင်ဆိုင် ကြုံတွေ့ရပါကြောင်း။

**၆။ နိုင်ငံရေးအရ ကရင်နီခေါင်းဆောင်များ အုပ်စုကွဲ ခဲ့ခြင်း။**

ဒုတိယကမ္ဘာစစ်ပြီးဆုံးခဲ့ပြီး မြန်မာပြည်အတွက် လွတ်လပ်ရေးစတင်တောင်းဆို လာသော အချိန်၌ ဗမာ ပြည်မှခေါင်းဆောင်များသည်ကရင်နီပြည်နယ်သို့လာရောက်ပြီး ကရင်နီသည် လွတ်လပ်သောပြည်နယ် မဟုတ်ကြောင်း ဗြိတိသျှစိုးမိုးမှုအောက်သာဖြစ်၍ စစ်မှန်သည့် လွတ်လပ်ရေးကို ပူးပေါင်းပြီးတောင်းခံကြရန် လာရောက်ဆွေးနွေးကြရာ ကရင်နီခေါင်းဆောင် အများစုတို့က–

၁။ ကရင်နီရှိ မူလအခွင့်အရေးကို ထိခိုက်ဆုံးရှုံးမှုမရှိစေခဲ့လျှင်

၂။ တန်းတူအခွင့်အရေးရရှိခဲ့လျှင်

၃။ ပြည်တပြည်အနေအထားမျိုးအဖြစ် မူတည်ပြီးပြည်ထောင်စု တည်ဆောက်ခဲ့လျှင် ဗမာပြည်နှင့် ပူးပေါင်းမည်ဟု ဆန္ဒရှိသော အဖွဲ့နှင့် တစ်ဖွဲ့မှာ ကရင်ပြည်နယ်တည်ထောင်ပြီးသော အခါ ကရင်ပြည်နယ်ထဲ ပါဝင်မည်ဟု ဆန္ဒရှိသူအဖွဲ့က တစ်ဖွဲ့နှင့် ကျန်တဖွဲ့မှာ ဗမာလည်း မပေါင်း၊ ကရင်လည်းမပေါင်းဘဲ သီးသန့်ရပ်တည်သွားမည်ဟု ဆန္ဒရှိသောသူတဖွဲ့ စသောအုပ်စု(၃)အုပ်စု ကွဲခဲ့ပါသည်။

ဆန္ဒသဘောထားကွဲပြားသော အုပ်စု(၃)စုမှာ အောက်ပါခေါင်းဆောင်များဖြစ်ကြပါသည်။

(က) အုပ်စုတွင် ဦးစိန်၊ ဦးမြလေး–စဝ်ဝ၊ သိုင်းဘဟန်တို့သည် ဗမာပြည်နှင့် နှစ်ပြည်တစ်ပြည် မဟာမိတ်အဖြစ်ပူးပေါင်းပြီး ခွဲလိုသည့်အခါ ခွဲထွက်ပိုင်ခွင့်ရှိစေရမည်ဟု ယုံကြည်ချက်ဖြစ် ပြည်ထောင်စု မြန်မာပြည်နှင့် ပူးပေါင်းရန် ဆန္ဒရှိသောအဖွဲ့က တစ်အုပ်စု။

(ခ) ဦးဘီတူရီ၊ စောရွှေတို့၏ ဆန္ဒမူကား ကရင်ပြည်နယ်သစ်ထူထောင်ပြီးလျှင် ကရင်နီပြည်နယ်ကို ကရင်ပြည်နယ်အောက်သို့ ပါဝင်သွားရန်ဆန္ဒရှိသော အဖွဲ့မှ အုပ်စုတစု (ကရင်ခေါင်းဆောင်ကြီးများ ထောက်ခံခဲ့)

(ဂ)ဦးစောသိန်းနှင့် ပညာရှိလူငယ်အချို့တို့မူကား ဗမာလည်းမပေါင်း ကရင်ပြည်အောက်သို့ လည်းမပါလို Sir. Douttas forset နှင့် ကင်းဝန်မင်းကြီး စာချုပ်ရှိခဲ့သည့်အတိုင်း ဆက်လက် နေထိုင် သွားမည်ဟု ဆန္ဒရှိသော အဖွဲ့စသော အုပ်စု(၃)စု ကွဲပြားလာခဲ့ပါသည်။

ထိုအချိန်၌ ဦးဘီတူရီတို့၏ထုတ်ဖေါ်သော ဆန္ဒသည် ကရင်ခေါင်းဆောင်အများက ထောက်ခံခဲ့သည့်အပြင် KNU အမျိုးသားအဖွဲ့ချုပ်၏ နှစ်ပတ်လည် ညီလာခံသဘင် ၁၉၄၈ ခု၊ မတ်လ (၃) မှ (၅) ရက်နေ့အထိ ချမှတ်ခဲ့သော

အရေးပါအရာရောက်သည့် ဆုံးဖြတ်ချက်များမှ အပုဒ် (၃) အရ ကရင်နီနယ်တို့ ဦးစီးအဖွဲ့က မိမိ၏နယ်ကို မြန်မာနိုင်ငံနှင့် မပူးပေါင်းရန် ဆုံးဖြတ်အတည်ပြုချက်ကို KNU လုံး၀ ထောက်ခံကြောင်း ဖေါ်ပြထားခြင်း ရှိခဲ့ပါသည်။

### ၇။ တောင်တန်းဒေသအဖွဲ့တည်ထောင်ရန် ကြိုးစားအားထုတ်ခဲ့ခြင်း (Frontier Area)

ဗြိတိသျှအရာရှိ မစ္စတာစတီဖင်ဆင်ဆိုသူသည် လွိုင်ကော်မြို့ လာရောက်ပြီး ကရင်နီ ခေါင်းဆောင်များနှင့် ခေါ်ယူတွေ့ဆုံရာတွင် ဗမာပြည်နှင့် မပူးပေါင်းဘဲ တောင်တန်းဒေသဆိုင်ရာ အုပ်ချုပ်ရေး တည်ထောင်ရာတွင် ပါ၀င်ရန်စည်းရုံးခဲ့ကြောင်း သို့ရာတွင် ကရင်နီခေါင်းဆောင်များက မြန်မာပြည်နှင့် နှစ်ပြည်တစ်ပြည် မဟာမိတ်အနေဖြင့် ပူးပေါင်းသွားမည်ဖြစ်ကြောင်း ငြင်းဆန် ခဲ့ကြောင်း။

ကရင်နီခေါင်းဆောင်များတို့က တောင်တန်းဒေသအဖွဲ့ ဖွဲ့စည်းလိုသော ဗြိတိသျှစီမံချက်မှာ ဗြိတိသျှက ဆက်လက်၍ အားဏာလွှမ်းမိုးလိုသော ရည်ရွယ်ချက်ဖြစ်ကြောင်း ကြိုတင်မြင်သော ကြောင့်ဖြစ်သည်။

### ၈။ ကရင်နီပဒေါင်ကောင်စီဖွဲ့စည်းခြင်း။

ကရင်နီခေါင်းဆောင်များတို့သည် ရှေးရိုးစနစ်ဟောင်းဖြင့် ဆက်လက်ကျင့်သုံး အုပ်ချုပ်ခြင်း မျိုးသည် ခေတ်မမှီနိုင်တော့ကြောင်း စနစ်သစ်ဖြင့် အစားထိုးအုပ်ချုပ်သည့်စနစ်ဖြင့် ကျင့်သုံးမှသာလျှင် ပိုမိုခရီးရောက်တော့မည်ဖြစ်၍ ကရင်နီပဒေါင်ကောင်စီတရပ် ဖွဲ့စည်းရန် သဘောတူပြီး အဆိုပါ ပဒေါင်ကောင်စီတရပ်ကို ၁၉၄၆ ခုနှစ်၊ ဧပြီလ(၃)ရက်နေ့တွင် ဖွဲ့စည်းခဲ့ကြောင်း။

သို့ရာတွင် တိုတောင်းသည့်ကာလအတွင်းတွင် ပဒေါင်ကောင်စီအဖွဲ့အစည်းသည် မြန်မာပြည်နှင့် ပူးပေါင်းရန် ဆန္ဒရှိသည်များကို ဗြိတိသျှအစိုးရမှ ရိတ်စားမိသဖြင့် ပဒေါင်ကောင်စီကို ဖျက်သိမ်းရန်ခြေထိုးမှုပြုလာပြီး ပဒေါင်ကောင်စီကို ပြန်၍ ဖျက်သိမ်းခဲ့ရခြင်း ဖြစ်ကြောင်း ခေါင်းဆောင် တဦး၏ ပြောပြချက်အရ သိရှိခဲ့ပါသည်။

ကရင်နီပဒေါင်ကောင်စီကိုတည်ထောင်ခြင်း၊ဖျက်သိမ်းခြင်းနှင့်လွတ်လပ်သော ကရင်နီပြည်ထောင်စု ကောင်စီ ဖွဲ့စည်းခြင်း ကြိုးပမ်းခဲ့သော သူများမှာ တောင်းတန်းဒေသ အတွင်း၀န်စောဂျီဖူးညို နှင့် ဂျီကရာစူး တို့၏ ကြံစည် အားထုတ်မှုသာ ဖြစ်ကြောင်း လေ့လာ ဖတ်ရှု ခဲ့ရပါသည်။

### ၉။ ကရင်နီခေါင်းဆောင်များနှင့် ဗမာခေါင်းဆောင်တွေ့ဆုံဆွေးနွေးခြင်း။

ကရင်နီခေါင်းဆောင်များ အချင်းချင်းသဘောတရားကွဲနေချိန်အတွင်းတွင် ဗမာပြည်မှ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် အဖွဲ့သည် ၁၉၄၆ခုနှစ် နို၀င်ဘာလ (၂၃) ရက် နေ့တွင် ရောက်ရှိပြီး

ကရင်နီခေါင်းဆောင်များက အောက်ပါအချက်များကို တင်ပြပြီး အပြန်အလှန် ဆွေးနွေးကြကြောင်း။

(က) ကရင်နီ၏ လက်ရှိမူလအခွင့်အရေးကို မထိခိုက်စေဘဲ ပြည်ထောင်စုပေါ်ပေါက်လာလျှင် ပူးပေါင်းမည်။

(ခ) ကရင်နီပြည်နယ်အဖြစ်၀န်ကြီး တဦးထားရှိရန်။

(ဂ) ပြည်တွင်းရေးနှင့်ပတ်သက်၍ ၀င်ရောက်စွတ်ဖက်ခြင်းမရှိရန်။

(ဃ) ပူးပေါင်းခြင်း ခွဲထွက်လိုခြင်း ကိစ္စများနှင့် ပတ်သက်၍ လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်။

(င) ငွေထုတ်လုပ်ရေး ပြည်ထောင်စုကာကွယ်ရေး စာတိုက်ကြေးနန်းလမ်းတံတား စုပေါင်း ဆောင်ရွက်ရန်။

(စ) ပညာရေး၊ ကျန်းမာရေး၊ စီးပွါးရေးများဆိုင်ရာ လုပ်ငန်းကိစ္စတွင်ကူညီရန်။

(ဆ) ဒီမိုကရေစီအခွင့်အရေးပြည့်၀စွာ ရရှိရန်။

(ဇ) ကရင်နီပဒေါင်ကောင်စီအာဏာအပြည့်အ၀ရရှိရန် စသောအချက်များ ညှိနိုင်း ဆွေးနွေးကြောင်း။

နောက်ထပ်မံပြီး ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ခေါင်းဆောင်များအဖွဲ့ တဖွဲ့သည် ကရင်နှစ်သစ်ကူးပွဲ ဖိတ်ခေါ်ခြင်းအတွက် ၁၉၄၆ခုနှစ် ဒီဇင်ဘာလ(၂၄)ရက်နေ့တွင် ရောက်ရှိပြီး နံနက်(၁၀)နာရီ အချိန်တွင် လွိုင်ကော်မြို့လယ် ဓမ္မာရုံတွင် တရား ဟောပွဲတရပ်ကျင်းပပြုလုပ်ခဲ့ပါသည်။ ခန့်မှန်းခြေလူ(၃၀၀၀)ကျော် တက်ရောက်နားထောင်သည်ကို ကိုယ်တိုင်ကြုံတွေ့ရခဲ့ပါသည်။ လူအုပ်ကြီး အများဆုံးတွေ့ကြုံခဲ့ရခြင်း ပထမ အချိန်ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်မှာ ဒီနယ်ဟာ တွင်းထွက်သတ္တုပေါ်များလျှက်သားနဲ့ တိုင်းရင်းသားတွေမှာတော့ ငမွဲတေဘဲဆိုတာကို ဖြစ်နေကြပြီး ဘာမှခံစားနိုင်ခွင့် မရှိဘူး ကရင်နီရဲ ့အင်ဒီပင်းဒင်းဆိုတာဟာလဲ စက္ကူပေါ်မှာသာ ရှိတာ တကယ်မှာတော့ နည်းနည်း ကလေးမှ လွတ်လပ်တာမဟုတ်ဘူးဟု မိန့်ကြား ခဲ့သည်ကို ကျနော်ကိုယ်တိုင် တက်ရောက် နားထောင်ခဲ့ဘူးသဖြင့် မှတ်မိခဲ့ပါသည်။ ထိုအချိန် ကာလတွင် မော်ချီးသတ္တုမိုင်းသည် ကမ္ဘာတခွင်တွင် ဒုတိယ သတ္တုပစ္စည်း ထွက်သည့် ပြည်နယ်တခုဖြစ်ပါကြောင်း၊ သို့ရာတွင် အဆိုပါအချိန်ကာလတွင် ကရင်နီ အမျိုးသား များတို့သည် ထိုသတ္တုမိုင်းအတွင်းတွင်လုပ်သား၊ အလုပ်သမား၊ ၀န်ထမ်းဟူ၍ မရှိခဲ့သည်ကို စဉ်းစားမိသဖြင့်ယူကြုံးမရဖြစ်ခဲ့ဖူးပါသည်။

ထိုကဲ့သို့ ဗိုလ်ချုပ်ဟောပြောခဲ့သော မိန့်ခွန်းများကို အောင်ဆန်းက ကရင်နီပြည်ကို ဗမာပြည်နှင့် ပူးပေါင်းရယူလိုသောကြောင့် လိမ်ညာသောမိန့်ခွန်းများဟောပြောကြောင်း တန်ပြန် ဆန့်ကျင်ရေးအဖွဲ့က စည်းရုံး ခဲ့သည်များလည်း ကိုယ်တိုင်ကြုံတွေ့ကြားရပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ကြားခဲ့သော မိန့်ခွန်းများကြောင့် ကရင်နီလူထုသည် နိုင်ငံရေး စိတ်ပိုမိုပြီး နိုးကြားလာခဲ့ကြောင်း မြင်တွေ့ခဲ့ရပါသည်။

**၁၀။ ပင်လုံညီလာခံ တက်ရောက်ပြီးနောက် ဗြိတိသျှက ပို၍ အကြပ်ကိုင်လာခြင်း၊**

ပင်လုံညီလာခံကျင်းပချိန်တွင် ကရင်နီမပါဝင်ခဲ့သော်လည်း သာမန်လေ့လာသူအဖြစ် ဦးဘီတူရီနှင့် ဦးစောသိန်းတို့က တက်ရောက်လေ့လာပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အလွတ်သဘော ဆုံတွေ့ ဆွေးနွေးခဲ့ကြောင်း။

ထိုကဲ့သို့ ကရင်နီခေါင်းဆောင်နှစ်ဦး ပင်လုံညီလာခံသို့ တက်ရောက်ခဲ့ကြောင်း ဗြိတိသျှ အစိုးရက သိရှိလာသဖြင့် ကရင်နီပြည်နယ်ကို ကြီးကြပ်ကွပ်ကဲသော တောင်တန်းဒေသ အုပ်ချုပ်ရေးမှူးအရာရှိသည် ကရင်နီပြည်တွင်အသင်းအဖွဲ့တည်ထောင်ခြင်း၊ တရားဟောပြောပွဲ ကျင်းပပြုလုပ်ခြင်း၊ စာတမ်းပုံနှိပ်ထုတ်ဝေခြင်း သတင်းစာရေးသားပေးပို့ခြင်း မပြုလုပ်ရ ထိုတားမြစ်ချက်ကို နာခံခြင်းမရှိဖေါက်ဖျက်ကျူးလွန်လျှင် ထောင်ဒဏ် (တစ်နှစ်) သို့မဟုတ် ဒဏ်ငွေ (၅၀၀) သို့မဟုတ် ဒဏ်နှစ်ရပ်လုံး ကျခံရမည်ဟု ၂၀၊၂၊ ၁၉၄၇ခုနှစ် နေ့စွဲဖြင့် အမိန့် ထုတ်ပြန်ခဲ့ပါသည်။ ထိုကဲ့သို့ အမိန့်ထုတ်ပြန်ခဲ့ပါသော်လည်း ကရင်နီပြည်သူလူထုတို့သည် နိုင်ငံရေးနိုးကြား လာမှု ပိုမိုပြင်းထန်လာခဲ့မှုကြောင့် ထုတ်ပြန်ထားသော အမိန့်ကို နာခံခြင်းမရှိခဲ့ကြောင်း မြင်တွေ့ရပါသည်။

**၁၁။ မြန်မာနိုင်ငံအတွက် ဖွဲ့စည်းပုံဥပဒေရေးဆွဲခြင်းအစ၊**

နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေရေးဆွဲရန် တိုင်းပြုပြည်ပြု လွှတ်တော်သို့ တက်ရောက်ရန် ကရင်နီမှ လူထုကိုယ်စားလှယ်နှစ်ဦးကို ပြည်သူအများက ရွေးချယ်ပြီးစေလွှတ်ရန် တောင်တန်းဒေသစုံစမ်းရေး စာရရှိခဲ့ပါသော်လည်း တိုင်းပြုပြည်ပြု လွှတ်တော်သို့ တက်ရန်အတွက် လိုအပ်သော လူ(၂)ဦးကို အများဆန္ဒခံယူခြင်း မပြုဘဲ ကရင်နီဆိုင်ရာ ဝန်ထောက်စောထော်ရီ၊ ထောက်ပံ့ရေးအရာရှိ စောဂေးလ်ဘတ်နှင့် စောရွှေတို့က ပူးပေါင်းပြီး ဦးဘီနှင့် ဦးစောသိန်းတို့ကို ရွေးချယ်စေလွှတ်ခဲ့ကြောင်း ထိုသို့ပြုမှုတို့ကြောင့် အများက မကျေနပ် ငြင်းပွါးမှုတရပ် ဖြစ်စေခဲ့ကြောင်း။

အဆိုပါ အရွေးခံရပြီး စေလွှတ်ခဲ့သော ဦးဘီနှင့် စောသိန်းတို့သည် တိုင်းပြုပြည်ပြု လွှတ်တော်သို့တက်ရန် ရန်ကုန်မြို့သို့သွားခဲ့သော်လည်း တိုင်းပြုပြည်ပြု လွှတ်တော် အစည်းဝေးသို့ တက်ရောက်ခြင်း မပြုဘဲ ဘုရင်ခံနှင့် သွားတွေ့ဆုံပြီး ကရင်နီပြည်နယ် ပြန်လာ ခဲ့ကြောင်း သိရပါသည်။

**၁၂။ ကရင်ပြည်နယ်တည်ထောင်ရန်ကိစ္စ**

၁၉၄၇ ခုနှစ် စက်တင်ဘာလ(၁)ရက်နေ့စွဲဖြင့် ဗြိတိသျှမှ လောလစ္စတို မြန်မာပြည်သို့ ရောက်ရှိလာပြီး ကရင်တိုင်းရင်းသားအများစု နေထိုင်သော ဒေသများ စုပေါင်းပြီး ကရင်နီပြည်နယ် အပါအဝင် ကရင်ပြည်နယ်တစ်ခု တည်ထောင်ရန် ဦးနုနှင့် (၄၊ ၉၊ ၄၇ )ရက်နေ့မှ (၈၊ ၉၊ ၄၇)ရက်နေ့အထိ အခြေအတင်ဆွေးနွေးခဲ့ကြောင်း သို့ရာတွင် ကရင်ခေါင်းဆောင် တွေကလည်း အချင်းချင်း သဘောကွဲလွဲမှု ရှိကြကြောင်း။

အဆိုပါဆွေးနွေးပွဲသို့ တက်ရောက်ရန်ကရင်နီကိုယ်စားလှယ်များလည်း ဖိတ်ခေါ်ခဲ့ပါကြောင်း သို့ရာတွင် ဦးဘီတဦးတည်းသာ တက်ရောက်နိုင်ပြီး ကျန်ခေါင်းဆောင် များသည် လမ်းပန်းခရီးခက်ခဲမှုကြောင့် မတက်ရောက်နိုင်ခဲ့ကြောင်း။

ယင်းပြည်နယ်အရေးနှင့် ပတ်သက်၍ ဦးဘီနှင့် လောလစ္စတိုတို့ တွေ့ဆုံရာ၌ ဦးဘီ၏ ဆန္ဒသဘောထားမှာ ကရင်ပြည်နယ်နှင့်ဖြစ်စေ မြန်မာနိုင်ငံနှင့်ဖြစ်စေ ဘယ်သူနှင့်မှ မပူးပေါင်း နိုင်ကြောင်းနှင့် ဗြိတိသျှတို့ ထွက်ခွါသွားလျှင်လည်း မိမိဘာသာ စခန်းသွားမည်ဟု ဆန္ဒ သဘောထားတင်ပြခဲ့သောကြောင့် လောလစ္စတို က မည်သည့်ငွေကြေးအကူအညီကိုလည်း ပေးမည်မဟုတ်ကြောင်း ဦးဘီအား ပြောခဲ့ကြောင်း။

ဆက်လက်ပြီး လောလစ္စတိုက ကရင်နီပြည်အရေးတွင် ၎င်း၊မြန်မာနိုင်ငံအရေးတွင်၎င်း၊ အခြေခံဥပဒေပြဌာန်းချက်များရှိပြီးဖြစ်သော်လည်း ဦးဘီက မိမိဘာသာမိမိ ရပ်တည် နိုင်သည့် နည်းလမ်းရှိလျှင် အင်္ဂလိပ်အစိုးရမှ ပေါင်တစ်သန်း ချေးမည်ဟု အာမခံပေးကြောင်း၊ သို့ရာတွင် မဖြစ်နိုင်သော အခြေအနေမျိုးဖြစ်၍ ဦးဘီသြဇာ ကျဆင်းခဲ့ကြောင်း။

**၁၃။ ကရင်နီပျောက်ကွယ်ပြီလား။**

၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့တွင် ကျင်းပပြုလုပ်သော တိုင်းပြုပြည်ပြု လွှတ်တော်အစည်းအဝေးမှ အခြေခံဥပဒေပုဒ်မ ၁၈၀ (၁)အရ၊ ကရင်နီနယ် သံလွင်ခရိုင်နှင့် ကရင်အများစုနေထိုင်သောဒေသများ ပေါင်းစည်းပြီး ပြည်နယ်တစ်ခုကိုတည်ထောင်မည်၊ ထိုပြည်နယ်ကို ကရင်ပြည်ဟု ခေါ်ရမည်ဟုဖွဲ့စည်းတည်ထောင်ခဲ့သော်ကြောင့် ခေတ်အဆက်ဆက် တွင် မိမိတို့နယ်မြေနှင့် မိမိတို့မင်းဖြစ်ရပ်တည်လာခဲ့သော ကရင်နီပြည်နယ်သည် တစ်ကြိမ် တစ်ခါမှ မကြားဖူးသော ပြည်နယ်သစ်တစ်ခုသို့ သွတ်သွင်းခြင်းခံရသဖြင့် မိမိတို့သမိုင်းနှင့် ရှိလာခဲ့သော ကရင်နီပြည်နယ်သည် အလိုအလျှောက် ကွယ်ပျောက်သွားသော ကိန်းသို့ ရောက်ရှိသွားတော့မည် ဖြစ်သည်။ ထိုအချိန်တွင် ဆွေးနွေးကန့်ကွက်ရန် ကရင်နီကိုယ်စားလှယ်တစ်ဦးတစ်ယောက်မျှ မရှိသဖြင့် မိုးဗြဲနယ် ကိုယ်စားလှယ်အတွက် အစည်းအဝေးသို့ တက်ရောက်ခဲ့သော သိုင်းဘဟန်သည် စိတ်မကောင်း ကြီးစွာ ခံစားရပြီး မိမိတက်ရောက်နေသော အစည်းအဝေးမှ ရပ်နားကာ ဂျစ်ကားတစ်စီးဖြင့် ညလုံးပေါက် လွိုင်ကော်သို့ ပြန်လာခဲ့ကြောင်း။

လွိုင်ကော်သို့ရောက်သောအခါ ခင်ဗျားတို့ကရင်နီလူကြီးတွေ အိပ်ပျော်နေလား၊ ခင်ဗျားတို့ ပြည်နယ်ပျောက်ဆုံးပြီ မသိသေးဘူးလား၊ ဟုပြောပြီးအပြင် ခင်ဗျားတို့ ကရင်နီလူကြီးတွေ အမြန်ဆွေးနွေးပြီး ရန်ကုန်သို့ အမြန်ဆင်းပြီး

ရှင်းလင်းကြရန် တွန်းအားပေးခဲ့သည့်အကြောင်းနှင့် သွားလာရေးစရိတ်မရှိလျှင်လည်း မိမိက အကုန်ကျခံပေးမည် ဖြစ်ကြောင်း အားပေးခဲ့သည်များရှိခဲ့ ကြောင်း။

စာသိုင်းဘဟန်၏ နိုးကြားချက်အရ နောက်တစ်နေ့တွင် ဦးစိန်၊ စောရွှေ၊ အေမြလေး၊ စဝ်ငယ်ဒူး၊ စဝ်ဇိန၊ စဝ်လဝီ/ ဦးကျော်ဝင်း၊ စောသန်းတင်၊ ဦးလွီးဇီ တို့အား ရန်ကုန်သို့ သွားရောက်ရန် ရွေးချယ်ခဲ့ပါကြောင်း သို့ရာတွင် စောရွှေမှာ မသွားလိုသောကြောင့်၄င်း၏ ကိုယ်စား ဦးအေမြလေးကို စေလွှတ်ခဲ့ကြောင်း။ အထက်ပါခေါင်းဆောင်များ၏ သဘောထားမှာ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်တစ်နယ် အနေဖြင့် မပူးပေါင်းလျှင်မိမိတို့၏ ကရင်နီပြည်နယ်သည် ကွယ်ပျောက်သွားမည်ဖြစ်ကြောင်း ဆန္ဒသဘောထား များရှိခဲ့ကြောင်း။ ဆက်လက်ပြီးအဆိုပါခေါင်းဆောင်များတို့သည် ရန်ကုန်သို့သွားပြီး မြန်မာခေါင်းဆောင် နှင့် တွေ့ဆုံကာ အောက်ပါ အတိုင်း ညှိနှိုင်းဆွေးနွေးကြကြောင်း။

၁။ ပြည်ထောင်စုမြန်မာနိုင်ငံအခြေခံဥပဒေပါ ပုဒ်မ ၁၈၀ (၁) ကို ပါယ်ဖျက်ပေးရန်။
၂။ ကရင်နီပြည်နယ်သည် မြန်မာနိုင်ငံတွင် ပြည်နယ်တစ်ခုအဖြစ် တည်ရှိရန်နှင့် ကရင်နီပြည်ဟူသော မူလအနေအထားအတိုင်းရှိစေရန်။
၃။ ဤဥပဒေတွင် ရှမ်းပြည်နယ်အဆင့်အတန်းအတိုင်း ခွဲထွက်လိုပါက ခွဲထွက်ပိုင်ခွင့်ရှိစေရန် ဖြစ်သည်။

## ၁၄။ ဦးဘီနှင့် ဦးစောသိန်း အမတ်အဖြစ်မှ ရပ်နားခြင်း။

၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့တွင် ကျင်းပပြုလုပ်သော လွှတ်တော် အစည်းအဝေးသို့ ယခင်ကရွေးချယ်ထားသော ဦးဘီနှင့် ဦးစောသိန်း မတက်ရောက်သဖြင့် အမတ်အဖြစ်မှရပ်စဲရန် ချင်းတွင်းအမတ်ဗိုလ်လဟိန်းက အဆိုတင်သွင်း၍ ဟသ်ာတ မြောက်ပိုင်းအမတ် ဗိုလ်စိန်သန်းက ထောက်ခံသည့်အတွက် ၄င်းတို့ (၂)ဦးအား အမတ်အဖြစ်မှ ရပ်နားလိုက်ကြောင်း ထိုလုစ်လပ်သော အမတ် (၂)နေရာကို ၁၉၊ ၉၊ ၁၉၄၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော တိုင်းပြုပြည်ပြုလွှတ်တော်အစည်းအဝေးမှ ၁။ ဦးစိန်၊ ၂။ ဦးအေမြလေး အား တင်မြှောက်လိုက်ကြောင်း။

သိုင်းဘဟန်သည် မိုးဗြဲနယ် အမတ်အဖြစ် အစည်းအဝေးတွင် ပါဝင်ကြောင်း၊ ကရင်နီ ပြည်နယ်အရေး ရှုတ်ထွေးပွေလီရန် ဖြစ်စေခဲ့ရခြင်းမှာ လောဘကြီးသော လူတစ်စုနှင့် အာဏာ လွှမ်းမိုးလိုသော လူတစ်စုတို့ ချယ်လှယ်မှုကြောင့် ဖြစ်ရကြောင်း ထိုလူနှစ်စုသည်လည်း တစ်မျိုးသားလုံး ကိုယ်စားမပြုနိုင်ကြောင်း သုံးသပ်မိပါသည်။

## ၁၅။ ကရင်နီပြည် အစိုးရ ဖွဲ့စည်းခြင်း။

မြန်မာပြည်နှင့်နှစ်ပြည်တစ်ပြည် မဟာမိတ်အဖြစ် ပူးပေါင်းရန် အရေးအခင်း ဆောင်ရွက်ရင်း ကရင်နီပြည်နယ် အစိုးရအဖွဲ့ကို ၂၇၊ ၁၂၊ ၁၉၄၇ ခုနှစ်တွင် ဖွဲ့စည်းကြသည်။
အဖွဲ့ဝင်များ။
၁။ စဝ်ဝဏ္ဏ ၂။ ဦးစိန်၊ ၃။ ဦးမြလေး၊ ၄။ စဝ်ငယ်ဒူး၊ ၅။ သိုင်းဘဟန် တို့ ဖြစ်ပါကြောင်း။

## ၁၆။ ပြည်တွင်းစစ် စတင်ခြင်း။

၁။(က) မြန်မာပြည် ပြည်ထောင်စုအဖွဲ့ဝင်အဖြစ်ပါဝင်လိုသော ကရင်နီအစိုးရအဖွဲ့နှင့် ဦးဘီတည်ထောင်သော လွတ်လပ်သော ကရင်နီပြည်ထောင်စုအဖွဲ့တို့ အုပ်စုကွဲရာမှ လွတ်လပ်သော ကရင်နီပြည်ထောင်စု အဖွဲ့မှ လက်နက်စွဲကိုင်ပြီးကရင်တပ်နှင့် ပူးပေါင်းကာ ကရင်တပ်မှ ဦးစီးဦးဆောင်သော – ဗိုလ်မှူး ကာနယ်မင်းမောင် တပ်ဖွဲ့သည် (၁၉–၈– ၁၉၄၈) ခုနှစ်တွင် မော်ချီးမြို့ကို သိမ်းပိုက်ပြီး မော်ချီးတွင် အုပ်ချုပ်ရေးအရာရှိ နှစ်ဦးအား ဖမ်းဆီးပြီး သတ်ပစ်ခဲ့ကြောင်း သိရသဖြင့် ကရင်နီအစိုးရသည် လဲဗီးတပ်ကို ဖွဲ့စည်းကာ မော်ချီးပြန်လည် သိမ်းယူရန် မော်ချီးဘက်စစ်ချီခဲ့ရာထူးချောင်းအရောက်တွင် ဗိုလ်မှူးကာနယ်မင်းမောင် ဦးစီးသောကရင်တပ်သည် ထူးချောင်းတွင် အခိုင်အမာ တပ်စွဲထားသဖြင့် ရက်ကြာမြင့်စွာ တိုက်ပွဲဖြစ်ခဲ့ပါသည်။ ထိုသို့ တဘက်နှင့် တဘက်တိုက်ခိုက်နေစဉ်အတွင်း လွိုင်ကော်နေ ဆရာစိန်ထွန်းဆိုသူသည် လွိုင်မွေတွင် ကရင်နီအမျိုးသားအများဆုံးပါဝင်သော UMP (၁၃ ) သို့သွား၍ လွိုင်ကော်တွင် RCM ခရစ်ယာန်က နှစ်ခြင်းခရစ်ယာန်အား ညှင်းဆဲသတ်ဖြတ်၍ လာရောက်ကူညီရန် သွားရောက်လည်ဆယ်ဖိတ်ခေါ်ရာမှ (၂၄–၉–၁၉၄၈)ခုနှစ် ညသန်းကောင်အချိန်တွင် လွိုင်ကော်မြို့တမြို့လုံးကို သိမ်းပိုက်ခဲ့ပါသည်။ ထိုကာလတွင် ဗမာတပ်မတော်ဟူ၍ ကရင်နီပြည်မှာ မရှိသေးပါ။ ထိုညတိုက်ပွဲသည် မိနစ်ပိုင်းခန့်သာပစ်ခတ်ပြီး တိုက်ပွဲပြီးဆုံး ခဲ့ပါသည်။ တိုက်ပွဲတွင် ထိခိုက်သူမရှိပါ။ တိုက်ပွဲပြီး မနက်မိုးလင်းမှ တပ်ရင်း (၁၃ )မှ ရဲဘော်တို့သည် သိုင်းဘဟန်
အိမ်သို့သွားပြီး ထိုအိမ်တွင် နေသော ရုံးအမှုထမ်းသာအောလ်ရှာနေ ဆရာကိုလာ ဆိုသူအား ပစ်သတ်ခဲ့ကြောင်း သိရပါသည်။

ဆရာကိုလာ၏ အလောင်းကို ကျောင်းသားများက သွားယူပြီး မြှုပ်နှံခဲ့သည်ကို မျက်မြင်ကိုယ်တွေ့ ဖြစ်ပါသည်။ ထိုညတိုက်ပွဲသည် နေအိမ်နှင့် မနီးမဝေးဖြစ်သဖြင့် သိရမြင်ရခဲ့ရပါသည်။

လွိုင်မွေမှ စစ်ချီလာသော တပ်ရင်းအရာရှိများမှာ – ၁။ ဗိုလ်ဖန် (တဲနားရွာသား )၊ ဗိုလ်လုဝင်း (စနိုက်)၊ ဗိုလ်သာထူး (စနိုက်)၊ ဗိုလ်တီးနို၊ ဗိုလ်လျှမိုင်၊ ဗိုလ်ရှေးဖဲ၊ ဗိုလ်သန်းဝေ၊ ဗိုလ်သောင်းတန်တို့ဖြစ်ပြီး ဗိုလ်ဖန်သည် အဆင့်မြင့်ဆုံး အရာရှိဖြစ်ကြောင်း သိရပါသည်။

UMP (၁၃ ) လှိုင်ကော်လာရောက်တိုက်ရခြင်းအကြောင်းနှင့် ပတ်သက်၍ ကျနော်ရင်းနှီးဖူးသော ဗိုလ်ဖန်အား မေးမြန်းကြည့်ရာ ဗိုလ်ဖန်က ကရင်တစု၏ စကားနားထောင် မိခဲ့သောကြောင့် ကျနော်၏ဘဝ နစ်နာဆုံးရှုံးခဲ့ရကြောင်း ပြောပြခဲ့ပါသည်။

၁။ (ခ) UMP (၁၃ )တပ်ရင်းအဖြစ်မှန်သိခြင်း

UMP (၁၃ ) တပ်ရင်းလှိုင်ကော်ကို တိုက်ခိုက်သိမ်းပိုက်ပြီး ဆက်လက်၍ ဖရူဆို ( ညောင်ဇင် ) သို့ ရောက်ရှိခဲ့ပါသည်။ ထိုအချိန်ကာလတွင် အရပ်သားလဲပီး အနည်းအကျဉ်း သာရှိ၍ တိုက်ခိုက်မှု ပြင်းထန်ခြင်း အလျဉ်းမရှိပါ။ ထိုကြားရက်အနည်းငယ်တွင်းမှာ UMP (၁၃ )မှ တပ်ဖွဲ့သည် ဆရာစိန်ထွန်း၏ လည်ဆယ်လှည့်ဖျား မှုသာ ဖြစ်ခဲ့ကြောင်းနှင့် အချင်းချင်းဖြစ်ခဲ့ရသည်များကို သိမြင်လာသောအခါ စိတ်ဓါတ်ကျပြီး တောင်ကြီးနှင့် လှိုင်ကော်ဘဏ်မှ ဖေါက်ယူရရှိသော ငွေများကို ခွဲဝေယူကြပြီး မိမိတို့ ကိုင်ဆောင်သော လက်နက်ကိုကိုင်ပြီး အိမ်ပြန်ကာ စစ်အေးသောအခါ လက်နက် ပြန်လာအပ်သည်များ ရှိပါသည်။ လှိုင်မွေ့မှ UMP တပ်ရင်း (၁၃ )လှိုင်ကော်မြို့ကိုသိမ်းပိုက်ကြောင်း သိရသဖြင့် ရှေ့တန်း စစ်မျက်နာတွင် တိုက်ပွဲဝင်သောတပ်သည် စစ်ကိုရပ်ဆိုင်းပြီး ပြန်လည်ဆုတ်ခွာခဲ့ကြောင်း သိရပါသည်။

UMP (၁၃ ) တပ်ရင်းသည် လှိုင်ကော်မိ့ကို သိမ်းပိုက်ခဲ့ပြီး နောက်ပိုင်း လှိုင်ကော်တွင် ကိုယ်ထူကိုယ်ထ ထူထောင်ထားခဲ့သော သမဝါယမဆိုင်ကြီး သည်လည်း ထိုအချိန်မှစ၍ လုံးဝဆုံးရှုံး ခံရခဲ့ ပါကြောင်း ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ခဲ့ပါသည်။

**၁၇။ ကရင်နီစုပရင်းကောင်စီဖွဲ့စည်းခြင်း**

လွတ်လပ်သော ကရင်နီတပ်ဖွဲ့နှင့် ကရင်တပ်ဖွဲ့တို့က ကရင်နီပြည်တပြည်လုံး သိမ်းပိုက်ခဲ့ပြီး နောက် ကရင်နီကို အုပ်ချုပ်ရန် ကရင်နီစုပရင်းကောင်စီတရပ်ကို ဖွဲ့စည်းပြီး ထိုကောင်စီတွင် ဦးစောရွှေ က အကြီးအကဲအဖြစ် ရွေးချယ်ခန့်အပ်ခဲ့သည်များ မြင်တွေ့ ခဲ့ရပါသည်။ ထိုကာလတွင် ကရင်စစ်ဗိုလ် ဗိုလ်စောနူးဆိုသူအား (MP) စစ်အရာရှိ အကြီးအကဲအဖြစ် ရွေးချယ်ခန့်အပ်ပြီး လှိုင်ကော်မြို့တွင် အနိုင်ကျင့်သည့် လုပ်ရပ်များရှိသည်ကို တွေ့ရပါသည်။

**၁၈။ ကရင်နီအစိုးရအဖွဲ့ တိမ်းရှောင်သွားခဲ့ခြင်း**

လွတ်လပ်သော ကရင်နီတပ်နှင့် ကရင်တပ်တို့က ကရင်နီတပြည်လုံးကို သိမ်းပိုက်ခဲ့သည့် အတွက်
ကရင်နီအစိုးရအဖွဲ့အစည်းတို့သည် ရှမ်းပြည်နယ်ကလောမြို့သို့တိမ်းရှောင်ခိုလှုံရင်းစစ်အင်အားစုဆောင်း ခဲ့ပါသည်။
ကလောတွင် တနှစ်နီးပါး အင်အားစုဆောင်းပြီးနောက် ဗမာတပ်မတော်နှင့် ပူးပေါင်းပြီး ကရင်နီပြည်နယ်တနယ်လုံးကို ပြန်လည်သိမ်းယူရန် ၁၉၄၉ခုနှစ် ဇူလိုင်လတွင်စပြီး ကရင်နီပြည်နယ်သို့ ပြန်လည်စစ်ဆင်ရေး တရပ်ပလုပ်ခဲ့ပါသည်။

**၁၉။ လွတ်လပ်သော ကရင်နီပြည်ထောင်စု ဥက္ကဌ ဦးဘီနေထိုင်သော မြလဲ (မန်းလား ) ရွာဝင်ရောက်တိုက်ခိုက်ခဲ့သော အကြောင်းရင်း**

အထက်ခေါင်းစဉ်ပါ အကြောင်းတရပ်မှာ ကရင်နီအစိုးရအဖွဲ့အစည်းက သိုင်းဘဟန်အား ပြည်နယ်အုပ်ချုပ်ရေးမှူး ( ခရိုင်ဝန် ) အဖြစ် ရွေးချယ်ခြင်းခံရရာမှ – ဦးဘီက အဆိုပါနေရာ ရာထူးသည် သူသာရသင့်ရထိုက်ကြောင်း၊ သို့ဖြစ်ပါ၍ ဖယ်ပေးရန် သိုင်းဘဟန်အား စာရေးတောင်းဆိုကြောင်း၊ သိုင်းဘဟန်က ဥပဒေဘောင်အတွင်း ဖြေရှင်းကြရန်လာပါဟု သိုင်းဘဟန်က စာပြန်ကြားခဲ့ကြောင်း၊ သို့ရာတွင် ဦးဘီသည် လာရောက်တွေ့ဆုံခြင်းမရှိဘဲ ထပ်မံပြီး အဆိုပါရာထူးကို ဖယ်ပြီး သူ့အားပေးရန် သုံးကြိမ်သုံးခါ အပြန်အလှန်ရေးသားတောင်းဆို ဖိတ်ခေါ်ကြသော်လည်း ဦးဘီမလာရောက်ဖြစ်ရာမှ သိုင်းဘဟန်က သွားရောက်ပြီးခေါ်ပေးရန်နှင့် မလာပါက အကြမ်းဖက်ပြီးခေါ်ရန် စီစဉ်ခဲ့ကြောင်း၊ ထို့အပြင် ဦးဘီထိုကဲ့သို့ ပြုလုပ်ခဲ့ခြင်းသည် သူ့ဖက်၌ လက်နက်ကိုင် အဖွဲ့အစည်းတွေ ရှိလိမ့်မည်ဖြစ်၍ လက်နက်ကိုင်တပ်ဖွဲ့နှင့် သွားရောက်ရန် အမိန့်ပေးခဲ့ကြောင်း၊ သို့ဖြစ်၍ ဖယ်ခုံမှ လှည်းဘီးတပ်ဖွဲ့ဝင် တပ်စုတစုကို ခေါင်းတိုအပြာရောင်ထရပ်ကားတစီးဖြင့် မြလဲရွာသို့သွားပြီး ဦးဘီခြံဝင်းတံခါးဝ အရောက်တွင် စပါးကျီပေါ်မှ လူတယောက်သည် စက်သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် ကားပေါ်တွင် ပါလာသော ဖယ်ခုံမှ လဲပီးတပ်သား (၃) ဦးထိမှန်ကျဆုံး ပြီး အချို့မှာ ဒဏ်ရာရရှိခဲ့ကြသည်ကို တွေ့မြင် ရပါသည်။ ထိုအချိန်၌ ကျဆုံးခဲ့သော ဖယ်ခုံမှ ရဲဘော် (၃ ) ဦး အလောင်းကို လှိုင်ကော်ကို ယူဆောင်လာပြီး RCM သင်္ချိုင်းတွင် သင်္ဂြိုလ်ခဲ့သည်ကို တွေ့ရပါသည်။

ဆက်လက်ပြီး အဆိုပါတိုက်ပွဲကိစ္စနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းကြည့်ရာတွင် လဲပီးရဲဘော်များပြန်လည်ပစ်ခတ်မှုကြောင့် ဦးဘီနေအိမ်တွင်ရှိသော ပန်ပယ်ရွာမှ – အဘ ဦးလဖလင်၊ အမိဒေါ်မူသုံး၏ သားအမည် ခွန်းလတွန်းတယောက်တည်းသာ ပေါင်တွင်ထိမှန်ပြီး သွေးလွန်သေဆုံး ကြောင်း ဦးဘီအိမ်တွင်နေထိုင်သော ဦးဘီ၏ ယာဉ်မောင်း ဆူးပြောင်းရွာသား ကယောမျိုးနွယ်စု စစ်ပြန်စစ်မှုထမ်းဟောင်း ဦးဆွေလေးအား မေးမြန်းရာမှ သိရှိရသည်။

**၂၀။ ဦးဘီလွတ်မြောက်သွားခြင်း**

ဦးဘီတူရီနေအိမ်ကို ဝင်ရောက်၍ တိုက်ခိုက်မှုဖြစ်ပွားသည့်အခါ ဦးဘီက ထွက်ပြေးလွတ် မြောက်သွားပြီး ညောင်ဇင် ( ဖရူဆို ) သို့ ရောက်ရှိပြီး ဦးစောရွှေထံ ရောက်ရှိ ခဲ့ကြောင်း၊ စောရွှေက ၎င်းနှင့်အတူခိုလုံနေထိုင်လျှင် တဘက်မှ အမြင်မကြည်မှာ စိုးရိမ်သဖြင့် ကရင်စစ်တပ် အခိုင်အမာ တပ်စွဲ ထားသည့် မော်ချီးသို့သွားပြီး ခိုလှုံရန် ဖြောင်းဖျခဲ့

သေးကြောင်း၊ သို့ရာတွင် ဦးဘီသည် ဥပဒေဘောင်အတွင်း ဖြေရှင်းရန် လှိုင်ကော်သွားမည်ဟု ပြောခဲ့ရာ ဦးစောရွှေက ဥပဒေဘောင် အတွင်းဖြေရှင်းရန် သိုင်းဘဟန်က အကြိမ်ကြိမ်ခေါ်ခဲ့ သော်လည်း သင်မသွားဘူး၊ အခု သိုင်းဘဟန် လှိုင်ကော်မှာ မရှိဘူး၊ သို့ဖြစ်၍ မော်ချီးဘက်သို့ သွားရောက်ခိုလှုံပြီး သိုင်းဘဟန်ပြန်လာမှ ပြန်လာရန် ဖျောင်းဖျခဲ့သော်လည်း လက်မခံသဖြင့် ဦးစောရွှေနှင့် ဂေးဘတ်ကရာစူးက လှိုင်ကော်သို့ သွားရောက်ပို့ဆောင်ခဲ့ကြောင်း သိရပါသည်။

## ၂၁။ ဦးဘီတူရီအသတ်ခံရခြင်း။

ဦးဘီတူရီ လှိုင်ကော်သို့ ပို့ဆောင်ရောက်ရှိပြီး ဦးဘီတူရီအား ကရင်နီအစိုးရ ယာယီဆောင်လုပ်ထားသော အချုပ်ခန်းတွင် ချုပ်နှောင်ထားခဲ့ကြောင်း ထိုအချိန်အတွင်းတွင် ဖါလိုင်ရွာသား ဗိုလ်ရှုဆိုသူသည် အရက်မူးပြီး ခေါင်းဆောင် ပီးကဝါး ခြုံခိုအတိုင်ခံရပြီး သေဆုံး ရခြင်းနှင့် ဖလိုင်ရွာမှ ဆရာကြွယ်နှင့် အပေါင်းပါ (၅)ဦးအား ပန်ပက်ရွာသား ဗိုလ်လထန်တို့က သတ်ခဲ့ခြင်းသည် သင့်၏လက်ချက်ဖြစ်သည်ဟုဆိုကာ ဦးဘီအား အချုပ်ခန်းနုတ်ထုတ်ပြီး ဘီလူးချောင်းတံတားပေါ်တွင် လုံစွပ်ဖြစ်
ထိုးသတ်ပြီး ချောင်းထဲပစ်ချတဲ့အကြောင်း ဗိုလ်ရှု နောက်လိုက်ပါ ရဲဘော်တစ်ဦး၏ ပြောပြချက်အရ သိရှိခဲ့ပါသည်။

ဦးဘီအသတ်ခံရခြင်းကြောင့် တကြောင်းနှင့် ယောက်ခမတော်သူ ဦးပီကဝါး၏ သေဆုံးမှုကြောင့် တကြောင်း ထိုအကြောင်းအမျိုးမျိုးကြောင့် စာသိုင်ဘဟန်သည် စိတ်ထိခိုင်မှု ကြောင့် စိတ်ပြေလက်ပျောက်စေရန် အရက်မှီဝဲခဲ့ရာမှ အဆိပ်သင့်ခဲ့သဖြင့် သေဆုံးခဲ့ကြောင်း သိရပါသည်။

## ၂၂။ ဘာသာရေးစစ်ပွဲ သမုတ်ခေါ်ပြုခြင်း။

ထိုကာလ၌ ဖြစ်ပွားခဲ့သော စစ်ပွဲသည် ဘာသာရေးစစ်ပွဲ နှင်ခြင်းနှင့် အာရ်စီ ခရစ်ယာန် စစ်ပွဲ အချို့ကခေါ်ပြီး၊ အချို့လူက ကရင်နှင့် ဗမာ ဖဆပလ စစ်ပွဲဟု ခေါ်ဝေါ်သမုတ်ကြသည်။ အချို့ ကရင်နီ သက်ကြီးရွယ်အိုတို့သည် တိုက်ခိုက်ကြတာက ကရင်နှင့် ဗမာ၊ သေတာ ရှုံးတာက ကယား (ကရင်နီ) ဟုလည်းပြောဆိုကြသည်များလည်း နားထဲတွင် ယနေ့ထိတိုင် ကျန်ရစ်ခဲ့သေး ပါသည်။ အဆိုပါစကားအရက မှန်ပါ၏ မှားပါ၏ ဟူလည်း မည်သူကမျှမပြောရဲ မဆိုရဲကြပါ။ အကြောင်းရင်းမှာ နိုင်ငံရေး၏ အနိဋ္ဌါရုံကြောင့်ဟု ငြင်းဆိုမှုဖြစ်စေခဲ့ပါသည်။

ဆက်ပြီးပြောရလျှင် ကျနော်တို့မျိုးနွယ်များသည် မူလကအခြေခံ ဗဟုသုတ အားနည်း မှုကြောင့်
ဆင်ခြင်တုံတရားကင်းမဲ့ပြီး သူတစ်ဖွဲ့တစည်း၏ အားနည်းချက် အားသာချက်ကို အကွက်ကောင်းဟုယူဆပြီး အခွင့်အရေးရယူရန် မှားယွင်းသည့် အတွေးအခေါ်မှုကြောင့် ညီအကိုမှန်း မသိ၊ ဘာသာတူအချင်းချင်း စိမ်ခေါ်စစ်ခင်းကြပြီး မိမိတို့၏ မိခင်နယ်မြေအပေါ်တွင် သွေးမြေကျစေခြင်း မုဆိုးမ၊ မိဘမဲ့၊ ဒုက္ခိတဘဝသို့ ရောက်စေခဲ့သော စစ်၏အနိဋ္ဌါရုံ သည် အလွန်ဆိုးဝါးလှခဲ့ကြောင်း အနာဂါတ်လူငယ်များ လေ့လာသိသင့်ကြောင်း တင်ပြလိုပါသည်။ ဥပမာ တစ်ခုပြောရလျှင်–

(က) ဒေါ်ရောက်ခူရွာနှင့် ရနားခူ ရွာကို ကြည့်ကြစို့၊ ရနားခူရွာသည် နှစ်ခြင်းခရစ်ယာန်ဖြစ်ကြ၍ ကရင်တပ်နှင့် လွတ်လပ်သော ကရင်နီတပ်အင်အားကြီးထွားလွမ်းမိုး လာသောအခါ ကရင်တပ်တို့ကို အားကိုးပြီး ဒေါ်ရောက်ခူရွာကို ဝင်ရောက်စီးနင်းပြီး ပစ္စည်းလုယူ လူသတ်ခဲ့သည်များ (၂) ကြိမ် ရှိခဲ့ပါကြောင်း၊

တဖန် အာရ်စီ ခရစ်ယာန်တို့သည် ဖဆပလ ထံ လက်နက်ခဲယမ်းမီးကျောက်ရယူပြီး ရနားခူအား တန်ပြန်တိုက်ခိုက်ပြီး ရနားခူမှ လုယူသော ပစ္စည်း၊ ဖျက်ဆီးခဲ့သော တန်ဘိုးနှင့် ညင်းဆဲသတ်ဖြတ်ခဲ့သော လူတို့၏ တန်ရာတန်ဘိုးကို အလျော်အစားတောင်းခံကြသည်များ သည် ကျနော်တို့ မျိုးနွယ်စုများ၏ ခေတ်မမှီ အနှိပ်ဆုံးသော ဆောင်ရွက်ကြခြင်းသာ ဖြစ်သည်ဟု ကျနော် ကောက်ချက်ချခဲ့ပါသည်။

(ခ) ၂၅၊ ၂၊ ၁၉၄၉ ခု ရက်နေ့တွင် ကရင်နှင့် ကရင်နီပြည်ထောင်စုတပ်မှ လှိုင်ကော်ကို တိုက်ခိုက်သိမ်းပိုက်ပြီးသည့်နောက် ကရင်စစ်ဗိုလ်ကြီး စောနူးဆိုသူသည် လှိုင်ကော်ရှိ အာရ်စီအမ် ဘုရားကျောင်းဝင်းရှိ ဘုန်းတော်ကြီး နေအိမ်တို့ နေ့စဉ်သလို ပစ္စည်းယူခြင်း၊ ရှာဖွေခြင်းနှင့်၊ အမြင့်ဆောက်ထားခဲ့သော ခေါင်းလောင်းစဉ်ပေါ်တွင် တပ်ချထားခြင်း ပြုလုပ်ခဲ့သည်။

(ဂ) တဖန် (၁၉၅၀ )ခုတွင် ရှားတောမြို့ရွာတွင် သတင်းသုံးနေသော ဘုန်းတော်ကြီး ့ခေမေ အပါအဝင် ဘုန်းတော်ကြီး (၂)ပါးနှင့် ဓမ္မဆရာ (၃) ဦးတို့အား သံလွင်မြစ်တွင် သတ်ဖြတ်ပြီး မျောပစ် ခဲ့ကြောင်း။

(ဃ) တဖန် ခရစ်ယာန်အချင်းချင်းလည်းဖြစ်၊ မျိုးနွယ်စုလည်းဖြစ်၍ အပစ်အခတ် ရပ်စဲသင့်မြတ်ကြရန် နှစ်ဘက်သော ခေါင်းဆောင်ကြီးတချို့က ဆန္ဒရှိကြသောကြောင့် စေ့စပ်ကြရန် လျို့ဝှက်စီစဉ်ခဲ့မှုတရ ကြိုးပမ်းလာသည်ကို တွေ့ရှိခဲ့ပါသည်။ ယင်းလုပ်ငန်းအစမှာ တောင်ငူမြို့နေ အာရ်စီ ဘာသာဝင် အကျိုးဆောင် ခေါင်းဆောင် စောထားလေကိုး (ဦးဖဲ)သည်။

ကရင်နီဒေသသို့လာပြီး အာရ်စီအမ် ခေါင်းဆောင်အချို့တွေ့ဆုံကာ အပစ်အခတ်ရပ်စဲပြီး သင့်မြတ်ကြရန် ကိစ္စနှင့် ပါတ်သက်၍ ဆွေးနွေးပြီး အခြေအနေကောင်းသဖြင့် တောင်ငူသို့ ပြန်သွားပြီး တစ်ခါ နှစ်ခြင်းကရင်တပ်ဖွဲ့နှင့် ဆွေးနွေးရန် စီမံချက်အရ နှစ်ခြင်းခေါင်းဆောင်ကြီး စောကျော်တင်ဒီဖိုးမင်း ထပ်မံရောက်ရှိလာပြီး ကရင်ခေါင်းဆောင် များနှင့် ဆွေးနွေးပြီး တောင်ငူသို့ ပြန်သွားပါသည်။

အထက်ပါ ဘာသာရေးခေါင်းဆောင်ကြီး (၂) ဦး၏ ကြိုးပမ်းမှု အလားအလာ ကောင်းသည်နှင့် အားလျော်စွာ ထပ်မံပြီး အောင်မြင်သည့်တိုင်အောင် ဆောင်ရွက်သွားရန် နှစ်ခြင်းဖက်မှ ခေါင်းဆောင်ကြီး စောကြာဒိုးနှင့် အာရ်စီဖက်မှ စောဂျိမ်းကျော်မြင့် (ခ) အားကော်ဖဲကြွရောက်လာပြီး နှစ်ဖက်စစ်ခေါင်းဆောင်များနှင့် ဖယ်ခုံတွင် မျက်နှာချင်းဆိုင် ဆုံတွေ့ ဆွေးနွေး ခဲ့ကြကြောင်း ဆွေးနွေးပြီး ဖယ်ခုံမှ လှိုင်ကော်အပြန် နွားလဝိုးအရောက်တွင် အာရ်စီခေါင်းဆောင် ဖြစ်သော ဂျိမ်းကျော်မြင့် (ခ) အားကော်ဖဲအား ကရင်တပ်ဖွဲ့မှ ကားရပ်တံ့ပြီး ပစ်သတ် လိုက် ကြောင်း၊ နောက်ပြီး ဂျိမ်းကျော်မြင့်၏

အလောင်းကို လှိုင်ကော်ယူဆောင်လာကာ အာရ်စီ သင်္ချိုင်းတွင် ကရင်တပ်ဖွဲ့မှ စစ်အခန်းအနားတရပ် ဂုဏ်ပြုတပ်ဖွဲ့ဖြစ်ဆောင်ရွက်အလေးပြု ခဲ့သည်ကို မြင်တွေ့ရပါသည်။ ထိုအခန်းအနားတွင် ကရင် တပ်ဖွဲ့မှ သေတမ်းစာဖတ်ကြားရာတွင် ရန်သူဗမာ၏ ပစ်ခတ်မှုကြောင့် ခေါင်းဆောင်တစ်ဦး ကျဆုံးခဲ့ကြောင်း ကြားရသဖြင့် အော့နှလုံးနာမိခဲ့ပါသည်။

ကရင်တပ်ဖွဲ့မှ ဖတ်ကြားခဲ့သော သေတမ်းစာနှင့် ပါတ်သက်၍ ကရင်ရဲဘော် တစ်ချို့တို့ထံ ချဉ်းကပ်မေးမြန်းကြည့်ရာ ရန်သူဗမာပစ်ခတ်ခဲ့ခြင်းကြောင့် မဟုတ်ဘဲ ကရင်ရဲဘော် ဖက်မှ ပဒေါင်ရဲဘော်တွေ ပစ်သတ်ခဲ့ကြောင်း ပြောခဲ့ပြန်ပါသည်။ ဆက်လက်၍ ဟုတ်မဟုတ် ပဒေါင်ရဲဘော်အား စုံးစမ်းမေးမြန်း ကြည့်ရာ ဟုတ်မှန်ကြောင်း ကရင်လူကြီး ပစ်သတ်ရန် စေခိုင်းသဖြင့် ပစ်သတ်ခဲ့ကြောင်း ပဒေါင်ရဲဘော် ခွန်းဒါဖူးမှ ပြောပြခဲ့သောကြောင့် အကြောင်း စုံလျှင်စွာ သိရှိရတော့ပါသဖြင့် နို့လူမျိုးအချင်းချင်း၏ စွမ်းရည်အပေါ် အော့နှလုံးနာခဲ့ရပါသည်။

## ၂၃။ ကရင်နီပြည်နယ်ကို ကယားပြည်နယ်ဟု အမည်ပြောင်းခေါ်ရသည့်အကြောင်း။

အထက်ပါအကြောင်းတရားမှာ အထူးစုံးစမ်းရေးကော်မီရှင် အစီရင်ခံစာအရ ကျေးရွာ ကိုယ်စားလှယ် လူကြီး (၈၀)ဦး စစ်ဆေးမေးမြန်းရာတွင် ကရင်နီပြည်နယ်သည် ရှေးပဝေသဏီ ခေတ်ကာလများတွင်ပင် ကိုယ်ပိုင်အုပ်ချုပ်ရေး သီးခြားတည်ရှိ၍ ကရင်ပြည်နယ်ထဲ ထည့်သွင်းသွား လျှင် အခြေအနေအရ ဆုံးရှုံးရမည် ဖြစ်ကြောင်း ၎င်းအပြင် KNO ကရင်တော်လှန်ရေးတို့သည် ကရင်နီနယ်ဝင်လာပြီး အိုးအိမ်စည်းစိမ်နှင့် တကွ အသက်ကိုပင် လုယက်တိုက်ခိုက်သတ်ဖြတ်ကြောင်း လူမျိုးမတူ စရိုက်မတူ ကရင်ပြည်နယ်ရှိသည်ဟူလည်း မကြားခဲ့၊ ကရင်နီနှင့် ကရင်ဖြူဟု ခွဲခြားမှုရှိ၍ ကရင်နီပြည်နယ်ကို ကရင်ပြည်နယ်နှင့် ခွဲခြားသိသာလွယ်ရန် ကရင်နီပြည်နယ်အစား ကယားပြည်နယ် ပြောင်းလွဲအမည်ခေါ် မည်လာခြင်းအစ ဖြစ်ပါကြောင်း။

## ၂၄။ကရင်နီအစိုးရတပ်ဖွဲ့နှင့် လွှပ်လပ်သော ကရင်နီပြည်ထောင်စုတပ်ကြား ဖြစ်ပွားခဲ့သော တိုက်ပွဲများ။

၁။ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ (၉)ရက်နေ့တွင် ကရင်နီပြည်နယ်အစိုးတပ်နှင့် လွှတ်လပ်သော ကရင်နီပြည်ထောင်စု ကောင်စီ ဌာနချုပ် မြလဲ (မာန်းလား)ရွာကို သိမ်းပိုက်တိုက်ခိုက်ခဲ့ခြင်း။

၂။ လွှတ်လပ်သော ကရင်နီပြည်ထောင်စုတပ်နှင့် ကရင်တပ်ပူးပေါင်းပြီး ကရင်တပ်မှ ကာနယ် မင်းမောင် ဦးစီးပြီး မော်ချီးမြို့သိမ်းပိုက်ခြင်း။

၃။ ၁၉၄၈ခုနှစ်၊ စက်တင်ဘာလ (၈) ရက်နေ့တွင် လွှတ်လပ်သော ကရင်နီပြည်ထောင်စုတပ်ဖွဲ့မှ ဗိုလ်လထန်ဦးစီးသော တပ်ဖွဲ့ ဘောလခဲနှင့် ဖါဆောင်းကြား ကားလမ်းတွင် ချုံခိုတိုင်ခိုက်သဖြင့် မိုးဗြဲနယ်ရှင်စော်ဘွား ပီးကဝါး အပေါင်းပါ (၈) ဦး ကျဆုံးခြင်း။

၄။ ၁၉၄၈ ခုနှစ်၊ စက်တင်ဘာလ (၂၄)ရက်နေ့ ဗိုလ်လှဝင်းဦးဆောင်သော အမှတ် (၁၃) UMP တပ်မှ လာရောက်ပြီး လှိုင်ကော်ကို သိမ်းပိုက်ခြင်း။

၅။ ၁၉၄၈ ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက်နေ့တွင် ကရင်နီအစိုးရတပ်နှင့် ချင်းသေနပ်ကိုင်တပ် ပူးပေါင်းပြီး လှိုင်ကော်မြို့ပြန်လည်သိမ်းပိုက်ခြင်း။

***မှတ်ရန်။ အဆိုပါရက်နေ့ည (၁၁) နာရီခန့်တွင် လှိုင်ကော်မြို့ကို အေးအေးဆေးဆေး ရောက်ရှိ သိမ်းပိုက်ရသည်။ ပစ်ခတ်တိုက်ခိုက်ခြင်း လုံးဝမရှိ။ ကရင်နီနှင့် ကရင်တပ်ဖွဲ့တို့ ဖလိုင်ဖက်သို့ ထွက်သွားကြသည်။ မရှေးမနှောင်းမှာပင် ကရင်တပ်ဖွဲ့တို့သည် ချင်းသေနပ်ကိုင် တပ်ဖွဲ့အား မဟာမိတ်ဖွဲ့လို၍ မိတ်ဆုံစားပွဲတရပ်ကျင်းပမည် ဖြစ်၍ မပျက်မကွက် လာရောက်ပါရန် လည်ဆည် ဖျားယောင်း ဖိတ်ခေါ်ခဲ့ရာ ချင်းတပ်အရာရှိ ယုံကြည်၍ အစီအစဉ်ပါအတိုင်း သွားရောက်ရန် ဖလိုင်ရွာမရောက်ခင် မွန်းဒ်ကန်းတောင်ကြားအရောက်တွင် ကရင်တပ်ဖွဲ့ ဝိုင်းညှပ် တိုက်ခိုက် ခဲ့သောကြောင့် အားလုံး နီးပါး သေကျေပျက်ဆီးခဲ့ကြသည်။ အဆိုပါတိုက်ပွဲတွင် ပါဝင်သော လူအချို့တို့သည် ယနေ့ထိတိုင် အသက်ရှင်လျှက်ရှိကြောင်း။***

၆။ ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅)ရက်နေ့တွင် ကရင်နီပြည်ထောင်စုတပ်နှင့် ကရင်တပ်ပူးပေါင်းပြီး လှိုင်ကော်ကိုဒုတိယအကြိမ် သိမ်းပိုက်သည်။ ထိုတိုင်ပွဲသည် ဝေလီဝေလင်း ချိန်မှစ၍ ည (၈) နာရီ အချိန်အထိ တစ်နေကုန် ပြင်းပြင်းထန်ထန် တိုက်ခိုက်ကြသည်။ ထိုတိုက်ပွဲတွင် လဲဗီးတပ်ဖွဲ့မှ သာယုရှာသား ခွန်းတိုယု ပြင်းထန်စွာ ဒဏ်ရာဖြင့် ကျန်ရစ်ခဲ့ပြီး နောက်ရက်ပိုင်းတွင်း သေဆုံးခဲ့ ကြောင်း (ထိုကာလတွင် တပ်မတော် မရှိသေးပါ)

၇။ ၁၉၄၉ ခုနှစ်၊ ဇူလိုင်လ(၁၉) ရက်နေ့၌ ကရင်တပ်ဖွဲ့က ဖယ်ခုံသိမ်းသည်။

၈။ ၁၉၄၉ ခုနှစ်၊ ဩဂုတ်လ (၃) ရက်နေ့တွင် ကရင်နီအစိုးရ တပ်ဖွဲ့သည် တပ်စုဆောင်းရန် ကလောမှ ပြန်လာပြီး ဖယ်ခုံကို ပြန်သိမ်းခဲ့သည်။

၉။ ၁၉၅၀ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်နေ့တွင် ဗမာတပ်မတော် ကရင်နီအစိုးရ၊ လှည်ဗီးတပ်၊ စစ်ရဲတပ်နှင့် ကယားရဲတပ်ဖွဲ့ စုပေါင်းပြီး မိုးဗြဲမှ လင်ဖုံရွာ၊ လင်ဖုံရွာမှ နွားလဝိုး၊ မှ တဆင့် လှိုင်ကော်မြို့ကို ညနေပိုင်း (၆)နာရီအချိန် တနေ့လုံး တိုက်ခိုက်ပြီး သိမ်းပိုက်သည်။ ထိုတိုက်ပွဲတွင် အမြောက်တပ် သည် လင်ဖုံမှ နေ၍ ပါဝင်တိုက်ခိုက်ပါသည်။

လွှတ်လပ်သော ကရင်နီတပ်ဖွဲ့နှင့် ကရင်တပ်တို့ ဆုတ်ခွာသောအခါ လှိုင်ကော်မြို့နှင့် မြို့လယ် တံတား မီးရှို့ဖျက်ဆီး ထွက်သွားခဲ့သည်ကို မြင်တွေ့ရသည်။

၁၀။ ၁၉၅၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၈) ရက်နေ့တွင် လွှတ်လပ်သော ကရင်နီတပ်နှင့် ကရင်တပ်တို့သည် တရုပ်ဖြူနှင့် ပူးပေါင်းပြီး စစ်တပ်အား (၅၀၀)ခန့်တို့သည် လှိုင်ကော်ကို သိမ်းပိုက်ရန် (နံနက် ၃ နာရီမှ ၁၀နာရီအထိ) အပြင်းအထန် ထိုးစစ်ဆင်ခဲ့သော်လည်း အောင်မြင်ခြင်းမရှိ ဆုံးရှုံးမှုကြီးစွာဖြင့် ပြန်လည်ဆုတ်ခွာခဲ့ရပါသည်။

**၂၅။ကရင်နီနယ် (၉)နယ်ရှိပြီး တောင်စားမင်း (၉)မင်းတို့က မြန်မာဘုရင်မင်းနှင့် အဆက်အသွယ်ရှိ၍ မြန်မာမင်းက ကရင်နီတောင်စားမင်းများကို အောက်ပါ ဘွဲ့တံဆိပ်များဖြင့် ချီးမြှင့် အသိအမှတ်ပြုသည်။**

*၁။ ဘောလခဲနယ် – ပဗ္ဗတသေလာဝတီ (အလောင်းဘုရားချီးမြှင့်)*
*၂။ ကန္တရဝတီ – ပဗ္ဗတ ဒေဝရာဇ်*
*၃။ နောင်ပလဲနယ် – ပဗ္ဗတရာဇကျော်ခေါင်*
*၄။ ကြယ်ဖိုးကြီးနယ် – ပဗ္ဗတ – ဒေဝရာဇ်*
*၅။ မိုးဖြဲနယ် – ပဗ္ဗတ တေဇကျော်ခေါင်*
*၆။ နန်းမယ်ခုံနယ် – ပဗ္ဗတသီလကျော်စွာ ( မင်းတုန်းမင်းချီမြှင့်)*
*၇။ အလယ်ချောင်းနယ် – ပဗ္ဗတ သိုဟန်ဘွား တို့ဖြစ်ပါသည်။*
*၈။ ဂေခိုနယ်– သံတောင်မြို့နယ် – ပဗ္ဗတ ကျော်ထင်နော်ရထာ*
*၉။ လွိုင်လုံနယ်– ကမ္ဘောဇမင်းသူ*

၂၆။ ဆင်ချင်တုံတရားကင်းမဲ့သောကာလ ကျွန်တော်တို့ကရင်နီမျိုးနွယ်စု ပေါက်ဖေါ်ဆွေမျိုးသားအစုတို့သည် အတိတ်ကာလမှ အခြေခံအကျဆုံးဖြစ်သော ပညာဗဟုသုတအားနည်းချို့တဲ့မှုကြောင့် ၁၉၄၇ခုနှစ်မှစ၍ စတင်ဖြစ်ပွါးခဲ့သော တဦးချင်း တဖွဲ့ချင်း တဆွေတမျိုးချင်း၏ အားနည်းချက်၊အားသာချက်အပေါ်ချိန်ခွင် မရှုတတ်မမြင် တတ်သောကြောင့် အဘနှင့်သား၊ ညီနှင့်အကို၊ ဘာသာအယူဝါဒခြင်း တူကြသော်လည်း မျှတမှုသင့်မျှမှုနှင့် ကင်းဝေးလျှက် အမှောင်ထုဖုံးလွှမ်းရှုပ်ထွေးဖြစ်ပွါးခဲ့သော အကျိုးဆက် ကြောင့် မိမိတို့၏ မျိုးနွယ်စု၏ အဖူးအညွန့်ကို မိမိတို့ကဘဲ ဆင်ခြင်တုံတရား ကင်မဲ့စွာ ဆွတ်ခူး ဆုပ်ပစ်ခဲ့သည်နှင့်အလားတူ၍ လွန်စွာမှ ကြေကွဲစရာ ကောင်းလှ ပါသည်။

၂၇။ ဖုံးလွှမ်းနေသောအမှောင်ထုကြီးကို ခွင်းပြီးအလင်းဆောင်သည့် ကမ္ဘာသစ်ကြီးသို့ လှမ်းကြရန်လိုနေပြီ၊ ကရင်နီနယ်သည် ပြည်နယ်တကာတွင် အငယ်ဆုံး လူဦးရေအားဖြင့် လည်းအနည်းဆုံးဖြစ်သည့်အပြင် လူမှုရေးအဆင့်အတန်းနှင့်ပညာရေးဗဟုသုတ မှာလည်း အနှိမ်ဆုံးဖြစ်ခဲ့ရသောကြောင့်ပြည်နယ်သူပြည်နယ်သား မျိုးနွယ်စုဆွေမျိုး ပေါင်းဖေါ်သားများ တိုးတက်မြင့်မားရေးအတွက် ရည်စူးပြီး အမှောင်နှင့်ဖုံးလွှမ်းခဲ့သော အတိတ်ဟောင်းများကိုခွင်းပြီး တိုးတက်လျှက်ရှိသော ခေတ်သစ်၊ ကမ္ဘာသစ် ရေစီးချောင်း အလင်းသို့ အလင်းဆောင်ပြီး မျိုးနွယ်စုအသီးသီးတိုးတက်ရေးအတွက် ပေါင်းစုညီညာစွာ စနစ်သစ်သို့ ချီတက်နိုင်ကြရန် ရည်စူးဆန္ဒပြုလိုသောကြောင့် ဤဆောင်းပါးစာကို ပြုစုရေးသားရပါကြောင်း။

၂၈။အဆုံး ဤဆောင်းပါးရေးသားရာတွင် ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ခံစားရခဲ့သော ဖြစ်ရပ်များနှင့် ထိုကာလ၌ အရေးအခင်းတွင် ပါဝင်လုပ်ရှားခဲ့သော ခေါင်းဆောင်များမှ ပြောကြားခဲ့သော အကြောင်းအရာများ သမိုင်းဝင် စာချုပ်စာတမ်းမှ ရေးသားချက်များ ဩတိသျှအစိုးရမှရေးထားခဲသော မှတ်တမ်းများ၊ ကယန်းမျိုးနွယ်စု သမိုင်းမှတ်တမ်းများ နှင့် ကရင်နီအထူးစုံစမ်းရေးအဖွဲ့ မှတ်တမ်းမှ မှီငြမ်းထားပါသည်။ မျိုးနွယ်စုအားလုံး စည်းလုံးမှုတည်ဆောက်နိုင်ပါစေ။

**ဝေဖန်သုံးသပ်နိုင်ရန်မှတ်တမ်းထားသည်။**